Highlights from DVB Debate’s how fast should transition go?

Dec 23rd, 2017

# How fast should the transition go?

" လက်ရှိမြန်မာနိုင်ငံရေးအခြေအနေကို တကယ်ပြောပါဆိုရင် ရုပ်လုံးတကယ်ပီပြင်တဲ့ ဒီမိုကရေစီကို ရောက်နေပြီလားလို့ မေးခွန်းထုတ်စရာရှိတယ်။ရှုပ်ထွေးနေတဲ့အခြေအနေတွေကြောင့်တခါတခါ မှာ ဆိုရင် သတင်းမီဒီယာတင်မကဘူး တခြားကိစ္စရပ်တွေမှာလည်း ဖြစ်သင့်တာတွေကမဖြစ်သေးဘဲနဲ့ မဖြစ်သင့်တာလေးတွေ ဖြစ်နေသေးတယ်လို့ အနေအထားမျိုးလို့ သုံးသပ်လို့ ရတယ်။ "

**ဦးအောင်ကြည်ညွန့် ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(အဖွဲ့ ဝင်။ ပြည်ထောင်စုဥပဒေကြမ်းပူးပေါင်းရေး ကော်မတီ)**

---------------------------------------------------------------------------------------------------------------------

"နိုင်ငံတစ်ခုရဲ့ အပြောင်းအလဲဆိုတာကတော့ ကျနော်တို့ လို တတိယနိုင်ငံ အဖက်ဖက်ကနိမ့်ကျတဲ့နိုင်ငံ တစ်ခုကို ပြန်ဆွဲတင်တဲ့အခါမှာတော့ ကျနော်ထင်တယ် သိကြားမင်းဆင်းအုပ်ချုပ်တာတောင်မှ လောလောဆယ် ဂေါ်ခနဲ ဒိုင်းခနဲ ရောက်သွားဖို့ ဆိုတာကတော့ မလွယ်ပါဘူး။အခက်အခဲရှိပါတယ်။ "

**ကိုမြအေး( ၈၈မျိုးဆက်)**

---------------------------------------------------------------------------------------------------------------------

"စစ်ဖက်အရပ်ဖက်ဆက်ဆံရေးကို ဘယ်လိုတည်ဆောက်မလဲဆိုတဲ့နေရာမှာ အရပ်ဖက်ကပဲ အကုန်လုံးလိုက်လျောရမယ်ဆိုတဲ့အရာက နည်းနည်းလေးတော့လွဲတယ်လို့ မြင်တယ်”

**ကိုမြအေး( ၈၈မျိုးဆက်)**

---------------------------------------------------------------------------------------------------------------------

"၁၉၈၅ ကနေ ၂၀၀၉ ထိအပြောင်းအလဲဖြစ်သွားတဲ့ နိုင်ငံ ၃၀ ကို ကြည့်ထားတဲ့ စစ်တမ်းတစ်ခုရှိတယ်။ စစ်တမ်းအရစံချိန်မှီ လူတိုင်းလက်ခံနိုင်လောက်တဲ့အပြောင်းအလဲတခုကို ယူရတဲ့အချိန်ဆိုတာ ရှိတယ်။ ကျနော်တို့ လို့ အကြောင်းကြောင်းကြောင့် တပ်မတော်ကနိုင်ငံရေးမှာပါဝင်တဲ့တပ်မတော်ကို သူ့ မူလနေရာပြန်ပို့ ဖို့ ပျမ်းမျှကြာချိန်က (၁၇)နှစ်ကြာတယ်။ အမြန်ဆုံးနိုင်ငံက (၁၀)နှစ်ကြာတယ်။

ဒီမိုကရေစီစံချိန်စံညွှန်းပြောင်းလဲမှုက အမြန်ဆုံးပျမ်းမျှ နှစ်(၂၀)ကြာပါတယ်။ ဆိုရရင် ကမ္ဘာ့ဘဏ်က ပြုစုထားတဲ့စာရင်းအရ မြန်မာနိုင်ငံရဲ ဒီမိုကရေစီအပြောင်းအလဲက မြန်လည်းမမြန်ဘူး။ နှေးလည်းမနှေးဘူး။ သဘာဝကျကျ ပုံမှန်ဖြစ်နေတယ်လို့ ဆိုချင်တယ်။"

## ဆရာကျော်ဝင်း ( စာရေးဆရာ )

---

"ကျနော်တို့ နိုင်ငံမှာ ပြည်သူကရွေးကောက်လိုက်တဲ့အစိုးရရှိသလို ကျန်တဲ့အစိုးရတစ်ဖွဲ့ ကလည်းရှိနေပါသေးတယ်။ သူတို့ နေရာကို သူတို့ ကို ပြန်မပို့ နိုင်သေးတဲ့အတွက် အဲဒါလေးတစ်ခုကိုတော့ ကျနော်တို့ တွေသည် နားလည်ရပါလိမ့်မယ်။ လက်ရှိအခြေအနေအရ ဒီလက်ရှိအစိုးရ ညံ့တယ် ပြောမယ့်အစား ဒီအစိုးရသည် သူလုပ်နိုင်သလောက်တော့ သူလုပ်ပေးတယ်လို့ ပဲမြင်တယ်။ "

## ဦးရန်ကျော် (မြန်မာ့နိုင်ငံရေးလေ့လာသုံးသပ်သူ)

---

အထူးပရိသတ် (၁) ခွန်ဥက္ကာ (PNLO)

"ငြိမ်းချမ်းရေးဖြစ်ထွန်းမှုက ရပ်တန့် တာမရှိဘူး ။ပျက်စီးတာမရှိဘူး။ သွားတော့သွားနေတယ်။ ပုံမှန်တော့ဖြစ်နေတယ်။ ပက်ကျိသွားနှုန်းနဲ့ ပေါ့။ အမြန်ရထားသွားနှုန်းနဲ့ သွားဖို့ အားလုံးမှာတာဝန်ရှိတယ်။ အားလုံးပိုင်းတွန်းရင်ရွေ့ ပါတယ်။ "

---

“အခြေအနေက စေတီကို ညောင်မြစ်မြို့နေတယ်။ ညောင်မြစ်ကိုအတင်းရှင်းပစ်ရင် စေတီပြိုမယ်။ ညောင်ကို ဒီအတိုင်းထားရင်လည်း စေတီကတဖြေးဖြေးပျက်စီးမယ်။ ဆိုတော့ ကျနော်တို့ က ညောင်မြစ်လည်းပြတ်အောင်၊ စေတီလည်း မပြိုအောင်လုပ်နေရတဲ့သဘောရှိတယ်။”

**ဦးအောင်ကြည်ညွှန့် ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(အဖွဲ့ ဝင်။ ပြည်ထောင်စုဥပဒေကြမ်းပူးပေါင်းရေး ကော်မတီ)**

-----------------------------------------------------------------------------------------------------------------------------